**EVER FLOW RIVER** GROUP PUBLIC CO., LTD.
No. 62, Room 1004, 10th Floor, Mahabandoola Housing Complex (B),
Corner of Mahabandoola Road & Tarwatainthar Street, Pazundaung Township, Yangon, Myanmar.
Tel : +951 203715, 201001
Fax : +951 203715
Web : www.efrgroupmyanmar.com
Fb : www.facebook.com/efrgroup

## လက်အောက်ခံကုမ္ပဏီများ၏ ဒါရိုက်တာများပြောင်းလဲခြင်း

ထာဝရနဒီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") (နောင်တွင် "EFR" ဟု ရည်ညွှန်းမည်)၏ ဒါရိုက်တာအဖွဲ့သည် လက်အောက်ခံကုမ္ပဏီများ၏ ဒါရိုက်တာများပြောင်းလဲခြင်းကို အောက်ပါအတိုင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ အဆိုပါပြောင်းလဲမှုများသည် ၂၀၂၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင် အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

EFR သည် လက်ရှိလုပ်ငန်းလိုအပ်ချက်များအရ လက်အောက်ခံကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒါရိုက်တာများအား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ ခန့်အပ်သွားမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ အသစ်ပြောင်းလဲခန့်အပ်သည့် ဒါရိုက်တာများသည် လက်အောက်ခံကုမ္ပဏီများ၏ လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင် သွားကြမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များကို အသိပေး အကြောင်းကြားအပ်ပါသည်။

| အစည်းအဝေး ဆုံးဖြတ်ချက် ချသည့်နေ့စွဲ | လက်အောက်ခံကုမ္ပဏီ အမည် | ပြောင်းလဲမှုမပြုလုပ်ခင် ဒါရိုက်တာစာရင်း | ပြောင်းလဲပြီးနောက် ဒါရိုက်တာစာရင်း |
|---|---|---|---|
| ၂၉.၄.၂၀၂၁ | MRTW Manufacturing and Inspection Co., Ltd. | ဦးကျော်လွင်ဦး<br>ဦးမောင်မောင်ဦး | ဒေါ်ရည်မွန်ဦး |
| ၃.၅.၂၀၂၁ | Unison Choice Services Ltd. | ဦးကျော်လွင်ဦး<br>ဒေါ်နှင်းရည်မွန် | ဦးသန်းအောင် |
| ၁၀.၅.၂၀၂၁ | Myanmar Round The World Logistics Limited. | ဦးကျော်လွင်ဦး<br>ဒေါ်ဇင်ငြိမ်းထွေး | ဦးသန်းအောင် |
| ၁၂.၅.၂၀၂၁ | EFR G-Link Express Services Ltd. | ဦးကျော်လွင်ဦး<br>ဦးသန်းအောင် | ဦးသန်းအောင် |
| ၁၄.၅.၂၀၂၁ | Gold Shipping Agency Service Limited | ဦးကျော်လွင်ဦး<br>ဒေါ်ခင်ဆို | ဒေါ်နှင်းရည်မွန် |
| ၂၄.၅.၂၀၂၁ | EFR Trading Co., Ltd. | ဦးကျော်လွင်ဦး<br>ဒေါ်ဇင်ငြိမ်းထွေး | ဒေါ်ရည်မွန်ဦး |
| ၂၆.၅.၂၀၂၁ | Multipack Engineering Co., Ltd. | ဦးအောင်မင်းဟန် | ဒေါ်နှင်းရည်မွန် |

လက်အောက်ခံကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်မည့် ဒါရိုက်တာများ၏ အတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်သည်။

**EVER FLOW RIVER** GROUP PUBLIC CO., LTD.
No. 62, Room 1004, 10th Floor, Mahabandoola Housing Complex (B),
Corner of Mahabandoola Road & Tarwatainthar Street, Pazundaung Township, Yangon, Myanmar.
Tel : +951 203715, 201001
Fax : +951 203715
Web : www.efrgroupmyanmar.com
Fb : www.facebook.com/efrgroup

**ဒေါ်ရည်မွန်ဦးသည်** EFR တွင် Receptionist အဖြစ် ၂၀၁၀ ပြည့်နှစ်တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သူမ၏ လုပ်ရည်ကိုင်ရည်ရှိမှုနှင့် ကြိုးစားမှုတို့ကြောင့် ၂၀၁၁ ခုနှစ်တွင် Marketing Executive အဖြစ်သို့လည်ကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ Marketing Manager အဖြစ်လည်ကောင်း၊ ၂၀၁၆ ခုနှစ်တွင် General Manager အဖြစ်လည်ကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ အထိ Executive Officer အဖြစ်လည်ကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိအချိန်တွင်လည်း EFR ၏ Compliance Officer အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ဦးသန်းအောင်**သည် EFR တွင် စာရွက်စာတမ်းစီမံခန့်ခွဲမှု လက်ထောက်မန်နေဂျာ (Assistant Manager for Documentation) အဖြစ် ၁၉၉၈ ခုနှစ်ကတည်းပင် လုပ်ကိုင်ခဲ့သူဖြစ်ကာ တစ်ဆင့်ချင်းရာထူးတိုးမြင့်လာခဲ့သည်။ လက်ရှိအချိန်တွင်လည်း EFR ၏ Chief Operating Officer (COO) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ဒေါ်နှင်းရည်မွန်သည်** EFR တွင်ဒေ့ါ်ကြိုနှင့် ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ အနေဖြင့် ၂၀၀၄ ခုနှစ်တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အဆိုပါရာထူးဖြင့် ၂၀၀၅ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူမသည် အမျိုးမျိုးသော လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ခဲ့ပြီး သူမ၏တက်ကြွစွာလုပ်ဆောင်တတ်မှု၊ ညဏ်ရည်ထက်မြက်မှု တို့ကြောင့် EFR ၏တာဝန်နှင့်ဝတ္တရားများကို လစ်ဟာမှုမရှိစေပဲ စိတ်ကျေနပ်ဖွယ်အနေအထားအထိ ဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိအချိန်တွင် EFR ၏ Chief Operating Officer (COO) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

မောင်မောင်ဦး
ဥက္ကဋ္ဌ
၂၀၂၁ ခုနှစ်၊ မေလ (၃၁) ရက်